# ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂) သင်တန်း

## စိတ်ကျန်းမာရေးစီမံချက်

# အခန်း (၂)

# စိတ်ကျန်းမာရေး ကနဦးစောင့်ရှောက်မှု

# စိတ်ကျန်းမာရေး ကနဦးစောင့်ရှောက်မှုဆိုသည်မှာ  အဘယ်နည်း

စိတ်ကျန်းမာရေး ကနဦးစောင့်ရှောက်မှုဆိုသည်မှာ လူတစ်ဦးတွင် စိတ်ကျန်းမာရေး ပြဿနာများ စတင်ဖြစ်ပေါ်လာခြင်း၊ အရေးပေါ်စိတ်ကျန်းမာရေးအခြေအနေကြုံတွေ့ရခြင်း ၊ ယခင်ရှိနှင့်ပြီးသော စိတ်ကျန်းမာရေးပြဿနာ ပိုမိုဆိုးဝါးလာခြင်း စသည့် အခြေအနေရပ်များတွင် သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များ၏ ကူညီမှုရရှိသည်အထိ (သို့မဟုတ်) အရေးပေါ်အခြေအနေ ပြေလည်သွားသည်အထိ ကနဦးစောင့်ရှောက်မှုပေးခြင်းဖြစ်သည်။

# စိတ်ကျန်းမာရေး ကနဦး စောင့်ရှောက်မှု၏ ရည်ရွယ်ချက်

- စိတ်ကျန်းမာရေး ပြဿနာများကို စောစီးစွာသိရှိကူညီနိုင်ရန်
- လူတစ်ဦးတစ်ယောက်၏ မိမိကိုယ်ကို (သို့မဟုတ်) အများအပေါ် ဘေးအန္တရာယ် ဖြစ်စေနိုင်ခြင်းမှ ကာကွယ်ရန်
- လူတစ်ဦးတစ်ယောက်၏ စိတ်ကျန်းမာခြင်းအပေါ် ကြီးမားသောထိခိုက်မှုဖြစ်စေခြင်းမှ ကာကွယ်ရန်
- စိတ်ကျန်းမာရေး ပြဿနာများမှ ပြန်လည်ထူထောင်နိုင်ရေးအတွက် အားပေးကူညီရန်

## စိတ်ကျန်းမာရေး ကနဦးစောင့်ရှောက်မှု၏ အခြေခံလုပ်ဆောင်ချက်များ

- မိမိကိုယ်ကို (သို့မဟုတ်) တပါးသူအပေါ် ထိခိုက်နာကျင်အောင် လုပ်ဆောင်နိုင်ချေ ရှိမရှိ ဆန်းစစ်ရန်
- စိတ်ဝေဒနာရှင်များ၏ အတွေးများ၊ ခံစားချက်များအား ပြစ်တင်ဝေဖန်ခြင်းမပြုဘဲ စာနာနားလည်စွာ နားထောင်ပေးရန်
- လိုအပ်သော သတင်းအချက်အလက်များပေးရန်နှင့် နှစ်သိမ့်အားပေးရန်
- သင့်လျော်သော ကျွမ်းကျင်ပညာရှင်များထံမှ အကူအညီရယူနိုင်ရေးအတွက် တိုက်တွန်းရန်
- ကိုယ်ထူကိုယ်ထ (သို့မဟုတ်) အခြားပံ့ပိုးမှုနည်းလမ်းများ ရှာဖွေနိုင်စေရန်

# စိတ်ကျန်းမာရေး ကနဦးစောင့်ရှောက်မှု လိုအပ်သောအခြေအနေများ

(၁) စိတ်ဖောက်ပြန်ရောဂါ

(၂) စိတ်ကြွရောဂါ

(၃) စိတ်ကျရောဂါ

(၄) စိုးရိမ်စိတ်လွန်ခြင်းနှင့် ကြောက်စိတ်မွန်ခြင်း

(၅) အရက်စွဲရောဂါ

(၆) မူးယစ်ဆေးသုံးစွဲခြင်း

(၇)အသိလက်လွတ်ဖြစ်ခြင်းနှင့် သတိ၊ မှတ်ဉာဏ် ထိခိုက်ချို့ယွင်းလာခြင်း

(၈) မိမိကိုယ်ကို သတ်သေရန် တွေးတော ကြံစည်ပြုမူခြင်း

# ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂) များအနေဖြင့် ဆောင်ရွက်ရန်

- ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂)များအနေဖြင့် လူတစ်ဦးတွင် စိတ်ကျန်းမာရေး ပြဿနာများ စတင်ဖြစ်ပေါ်လာခြင်း၊ အရေးပေါ်စိတ်ကျန်းမာရေးအခြေအနေ ကြုံတွေ့ရခြင်း ၊ ယခင်ရှိနှင့်ပြီးသော စိတ်ကျန်းမာရေးပြဿနာ ပိုမိုဆိုးဝါးလာခြင်း စသည့် အခြေအနေများတွင် သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များ၏ ကူညီမှုရရှိသည်အထိ (သို့မဟုတ်) အရေးပေါ်အခြေအနေ ပြေလည်သွားသည်အထိ ကနဦးစောင့်ရှောက်မှုပေးရာတွင် ကူညီဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

# ကျေးဇူးတင်ပါသည်။